ရွှေပဒေသာစာပေ

# ခေတ်ပျိုမြ

## အမုန်းစက်ကွင်းဆီမှလွန်မြောက်၍



အခန်း(၁)

**ခေတ်ပျို ဖြူ**

**အမုန်းစက်ကွင်းဆီမှ လွန်မြောက်၍**

*

**ကြိုးညှို့ရအခက်ဆုံးဂီတဟာ အချစ်လား**

**(ဒါမှမဟုတ်) အချစ်က**

**ငါ့ရဲ့အိပ်မက်ရောင်စုံတွေကြားထဲက မီးပျက်ညလား၊**

**သွေးရှူးသွေးတန်းနဲ့ ပြေးလွှားနေတဲ့**

**ငါ့ခံစားမှုတွေကို ဖေးမမယ့်သူကရော**

**ဘယ်မှာများလဲ။ ။**

**တိမ်အခွံတွေ ပျံသန်းနေတဲ့**

**ငါ့ရင်ခွင်အစုံမှာတော့**

**အချိန်ရဲ့ ့စီးမျောခြင်းနဲ့အတူ**

**ရင်ခုန်သံရစ်သမ်တွေကို**

**ငါ ခပ်မှန်မှန်တီးခတ်နေရဆဲပါ။ ။**

**နောက်ဆုံးတော့**

**ရေငုံနှုတ်ပိတ်နေရတဲ့**

**ငါ့မာနတွေနဲ့အတူ**

**ရင်ထဲမှာသည်းထန်စွာနဲ့**

**ခြောက်**

**သွေ့**

**နေ**

**ရ**

**ဆဲ**

**ပါ။**

## အခန်း (၁)

ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်နေသော သူမကိုကြည့်ပြီးသူ အတွေးနယ်ချဲ့နေမိသည်။ ပန်း၊ရေချမ်း၊ဆီမီး၊ အမွှေးတိုင်များနှင့်ထွန်းညှိပူဇော်နေသည့်သူမကိုသူမြတ်နိုးတန်ဖိုးထားလွန်းစွာလှမ်း[

"ရွှေရေးချယ်"ဆိုသော သူ့ချစ်သူလေးက ဖြူစင်သိမ်မွေ့အေးဆေးသူမို့ ဘယ်အချိန် ကြည့်ကြည့် အေးဆေး တည်ငြိမ်သော ဣန္ဒြေများဖြင့်သာ ရှိနေတတ်လေ၏ ။ နှစ်ယောက်သား ရွှေတိဂုံဘုရားဆီသို့တစ်ပတ်တစ်ခါလာပြီးဆုံဖြစ်ကြသည်။ချစ်သူတို့သဘာဝလူမမြင် သူမမြင်တဲ့ နေရာမှာ ချိန်းတွေ့ကြဖို့ကို ဘယ်တုံးကမှ မစဉ်းစားခဲ့ကြဘဲလူတွေနှင့်မကင်း သောဘုရား တန်ဆောင်းမှာ အေးအေးဆေးဆေးထိုင်ပြီး ရှေ့ရေးနောက်ရေးများကို ဣန္ဒြေရရလေးသာ ပြောဆိုနေကျမို့သူငယ်ချင်းတွေကပင်စကြသည်။

"မင်းတို့စုံတွဲကိုကြည့်ရတာ ပျင်းစရာကြီးပါကွာ"

ဘယ်လိုပဲ ပြောကြပါစေ . . . နှစ်ယောက်စလုံးက ဣန္ဒြေသိက္ခာတရားကို

အလေးထား သူများမို့ လူကဲ့ရဲ့မေးငေါ့စရာဖြစ်အောင် ဘယ်အခါမှမနေခဲ့ကြချေ၊ ယုတ်စွအဆုံး ချစ်သူသက်တမ်း လေးနှစ်သာ ရှိသွားသည်။ သူ့အနေနှင့် သူမ၏ လက်ဖျားလေးကိုပင် တစ်ခါမှ မကိုင်ဖူးဘူး ဟုဆိုလိုက်လျှင် ယုံချင်မှယုံကြမည်။

တစ်ကယ်ပင်မကိုင်ခဲ့ဖူးပါ။ ပါးလေးကို နမ်းဖို့ ယုယကြင်နာစွာ ထွေးဖက်ဖို့ဆိုတာတော့ ဝေလာဝေးပင်၊ သူကလည်း အခွင့်အရေးယူတတ်သော ယောကျ်ားခပ်ညံ့ညံ့မဟုတ်သလို သူမ ကလည်းဣန္ဒြေသိက္ခာကို အလွန့်အလွန် ထိန်းသိမ်း တန်ဖိုးထားတတ်သူပီပီ အရှက်အကြောက် လည်း အလွန်ကြီးသူဖြစ်လေသည်။

သူ့ကိုချစ်လွန်းလို့သာ တစ်ပတ်မှာတစ်ခါ ဘုရားမှာဆုံကြသော်လည်း သူများတကာ ချစ်သူစုံတွဲတွေလို ဘယ်နေရာကိုမှ တွဲသွားတွဲလာမရှိခဲ့ဖူးပေ။ သူ့အိမ်မှသူလာ၊ ကိုယ့်အိမ်မှ ကိုယ်ထွက်လာကြကာ ဘုရားမှာ ဆုံကြသည်။ ပြောစရာများ ပြီးသွားပြီဆိုရင် လာလမ်းအတိုင်း သူ့ဘာသာသူပြန်၊ ကိုယ့်ဘာ့သာကိုယ် ပြန်နေကျ။

ဘယ်လိုမှ ရင်ခုန်ကြည်နူးစရာ မရှိလောက်ပါဘူးဟု ဘေးအမြင်အနေနှင့် ထင်ချင်ထင် နေကြလိမ့်မည်။ ထိုအထင် မှားသွားပါမည်။ ဘာကြောင့်လဲဆိုရင် သူတို့နှစ်ယောက်စလုံး၏ ရင်တွင်းမှာ ကြီးမားကြွခိုင်သော မေတ္တာနှင့်သစ္စာတရားက တစ်ယောက်ကိုတစ်ယောက် နားလည် သဘောပေါက်မှု ရှိနေကြခြင်းကြောင့်ဖြစ်သည်။

ဘုရားရှိခိုးအပြီး နှစ်ယောက်သား ထိုင်နေကျနေရာလေးဆီသို့ လျှောက်လာခဲ့ကြသည်။ တိတ်ဆိတ်နေသောချစ်သူ ကို မသိမသာအကဲခတ်ကာ သူမက မေးလိုက်၏ ။

“မောင် . . . နေမကောင်းဘူးလားဟင်”

မောင်က တန်ဆောင်း၏ နေရိပ်သည့်နေရာလေးတစ်ခုမှာ ဝင်ထိုင်ရင်း .

. .

“ကောင်းပါတယ် . . . ရေးနဲ့တိုင်ပင်စရာတစ်ခုရှိလို့စဉ်းစားနေတာပါ”

သူမကလည်း ဝင်ထိုင်လိုက်ပြီး . . .

“ဘာများလဲ မောင်ရဲ့ . . . ပြောလေ”

“တခြားတော့မဟုတ်ပါဘူးကွာ . . . ရေးနဲ့မောင်တို့ရဲကိစ္စပါ”

“ကိစ္စ . . . ဘာကိစ္စလဲဟင်”

“ရေး”

“ရှင်”

“မောင်တို့ချစ်ခဲ့ကြတာ လေးနှစ်ပြည့်ပြီနော်”

“အင်းလေ . . . အဲဒါဘာဖြစ်လဲမောင်”

အခုဆိုရေးက ဆရာဝန်မလေး ဖြစ်နေပြီ၊ မောင်ကအလုပ်ရှာနေတုံးဆိုတော့ ခရီးက နီးလျက်နဲ့ဝေး နေသလိုပဲကွာ”

ရင်မောစွာပြောနေသော မောင့်ကိုကြည့်ကာ သူမ ပြုံးလိုက်သည်။

မောင်ဟာ ဒီလိုပါပဲ။

ဘယ်ကိစ္စမဆို အလေးအနက်ထားပြီး စဉ်းစားတတ်လွန်းသည်။ မောင့်ကို သူမ အားပေးစကား ပြောလိုက်သည်။

“မောင်ရယ် . . . အဲဒါဘာဖြစ်လဲ၊ မောင်ရော ရေးရောဘွဲ့ရပြီးသားပဲဟာ၊ ရေးက ဆရာဝန်ဘွဲ့ ရတာ ပဲရှိတယ်၊ မောင်ကလည်း Eco ဘွဲ့ရပြီးသားပဲ၊ အလုပ်ကရလာမှာပေ့ါ မောင်ရယ်၊ ဘာလဲမောင် . . . အခုမှ မောင်က ဘာလို့လောချင်နေရတာ လဲ”

"မောင် စိတ်ပူလို့ပါ ရေးရယ်"

"စိတ်ပူတယ်"

"အင်း"

"ရေးကိုလား၊ ဘာဖြစ်လို့လဲမောင်"

"ကံတရားကို စိတ်ပူတာပါ"

"ကံတရား . . . ဟုတ်လား၊ ဘာကိုဆိုလိုတာလဲ မောင်ရယ်၊ ရေး နားမလည်တော့ဘူး . . . သိလား"

"မောင် စဉ်းစားမိလို့ပါ ရေးရာ"

"ဟင် . . . ဘာလဲ"

သူမက မျက်ခုံးလေးပင့်ပြီးမေးဆတ်ကာပြောခြင်းဖြစ်သည်။

"တကယ်တော့ မောင်သာအလုပ်ရရင် မောင်နဲ့ရေး လက်ထပ်ဖို့အတွက် ဆုံးဖြတ်လို့ ရပြီမဟုတ်လား"

"အောင်မလေး မောင်ရယ် . . . ရေးက ဘာများလဲလို့၊ မောင်က အတွေးခေါင်နေပြီထင်တယ်"

"ဟင်"

"ရေးနဲ့မောင် ချစ်လာခဲ့ကြတာ နှစ်တွေလည်း မနည်းတော့ပါဘူးနော်၊ အားလုံးလည်း သိနေကြပြီပဲ၊ ဘယ်လိုနည်းနဲ့မှ ဝေးရမယ့်သူတွေ မဟုတ်တော့ဘူးလေ၊ လက်ထပ်ဖို့အချိန်ကို ဘယ်အချိန်အထိပဲဖြစ်ဖြစ် စောင့်နိုင်ပါတယ် မောင်ရယ်၊ လောလောဆယ် အဆင်မပြေသေးရင် လည်း အဆင်ပြေမယ့်အချိန်ထိပေါ့ . . . သိလား၊

ဒီမှာ မောင် . . . ရေးလေ ဘယ်အချိန်အထိပဲ စောင့်ရစောင့်ရ . . .

စောင့်မှာပါနော် . . . အဟင်း”

“ရေးသစ္စာကို မောင် နားလည်ပါတယ်ကွာ”

“အဲ့ဒါနဲ့များ မောင်ရယ် . . . ဘာလို့ စိတ်မောစရာ မဟုတ်တာ ကိုလျှောက်တွေးနေရတာ လဲလို့”

“ရေး”

“ပြောလေ မောင်”

“ဘာပဲဖြစ်ဖြစ် မောင်မှာက အဖေမရှိဘူး၊ အမေမုဆိုးမဘဝနဲ့ အိမ်ဆိုင်လေးဖွင့်ပြီး မောင့်ကို ကျောင်းပြီးတဲ့အထိ ပညာသင်ပေးခဲ့တာ၊ အမေကို တစ်လှည့်ပြန်ပြီး လုပ်ကျွေးချင်လှပြီကွ . . .၊

အလုပ်ကလည်း မရနိုင်၊ ရေးနဲ့လည်းအတူတူနေချင်တဲ့စိတ်တွေက ခုတလော မောင့်ရင်ထဲ မှာပြင်းပြင်းပြပြလေးကို တောင့်တနေမိတယ်ကွာ”

မောင်ရယ် . . . အချိန်တန်ရင် ဖြစ်လာမှာပေ့ါ၊ ရေးရောမောင်ပါ ဘဝတူတွေပဲလေ၊ မချမ်းသာပေမယ့် စီးပွားရေး စားဝတ်နေရေးအတွက်အဆင်ပြေသလို ရုန်းကန်နေရတာ ချင်းတော့ အတူတူပါပဲလေ၊ စိတ်ရှည်ရှည်ထားပါ မောင်ရယ်”

``အေးလေ . . . ဒီလိုပဲ ဖြေရမှာပေ့ါ၊ ဘာပဲဖြစ်ဖြစ် မောင်စဉ်းစားထားတာတော့ ရှိတယ် . ..သိလား”

``ဟုတ်လား . . . ပြောပါဦး မောင်”

“တကယ်လို့ မောင် အလုပ်ရရင် အမေ့ကိုဖွင့်ပြောပြီး ခွင့်တောင်းတော့မယ်နော် ရေး”

“ဟင်”

“မောင်တို့ကို လက်ထပ်ပေးဖို့ စေ့စပ်နားဖောက်ပေးပါတော့လို့ပေါ့”

“အင်း”

သူမ ပြုံးပြုံးလေး ခေါင်းညိတ်လိုက်ပြီးမှ . . .

“ဒါဆိုရင် ရေးလည်း အိမ်မှာ မေ့မေ့ကို နည်းနည်းပါးပါးတော့ စကားစလိုက်ပ့ါမယ်လေ နော်”

“ရေး”

“ရှင် . . . မောင်”

“ရေးတို့ဘက်ကသဘောတူမှာပါနော်”

“သြော် . . . မောင်ကလည်း စိုးရိန်နေပြန်ပြီ၊ မေမေ ရိပ်မိပါတယ် မောင်ရဲ့”

“ဟင် . . . ဟုတ်လား

“ရေး မောင့်အချစ်ကို လက်ခံဖို့ စဉ်းစားကတည်းက မေမေ့ကို ဖွင့်ပြောပြီး တိုင်ပင်ထားပြီး သားပါ မောင်ရယ်”

“ဟင် . . . ဒါဆို ရေးမေမေက”

မောင်ပကတိက မဆိုးပါဘူးသမီးရယ်တဲ့။ မိဘတွေကလည်း ရိုးသားတယ် သူကိုယ်တိုင် ကလည်း ရည်ရည်မွန်မွန်ရှိပြီး ဟော့ဟော့ရမ်းရမ်းမရှိလို့ သမီးနဲ့အဆင်ပြေမှာပါတဲ့”

“ဟာ . . . ဝမ်းသာလိုက်တာအချစ်ရာ၊ ဒါဆိုရင် မောင်အလုပ်ရတာ နဲ့ လက်ထပ်ကြမယ် နော် ရေး”

“ ကောင်းပါပြီ မောင်ရဲ့ ”

“ မောင် စဉ်းစားပြီးပျော်နေတာ”

"ဟုတ်လား . . . ဘာကိုလဲဟင်"

"မောင်တို့လက်ထပ်ပြီးရင် ရေးက မောင့်အိမ်လိုက်နေရမှာနော်"

``အင်းပါမောင်ရဲ့ . . . သျှောင်နောက်ဆံထုံးပါပဲလေ"

"အမေကလည်းရေးလိုမိန်းကလေးမျိုးကို ချွေးမ
တော်ရရင်အမေစိတ်ချပါပြီတဲ့ . . . သိလား၊ ရေးကို အမေက အရမ်းချစ်တာ"

"မောင်ရယ် . . . ရေးလည်း အမေ့ကို အရမ်းချစ်ပါတယ်၊မောင့်အမေဟာ
ရေးမေပဲပေ့ါ"

"လိမ္မာလိုက်တာကွာ"

"ကဲ မောင် . . . ပြန်ကြစို့၊ မေမေမျှော်နေတော့မှာ . . .
ရေးနောက်ကျလို့မဖြစ်ဘူး"

"အင်း အင်း . . . သွားရအောင်"

ဘုရားပေါ်မှဆင်းပြီး တစ်ယောက်တစ်နေရာစီမှာ ရှိနေသောအိမ်ဆီသို့
ကိုယ့်ဘာသာကိုယ်ပဲ ပြန်လာခဲ့ကြတော့သည်။

*

# အခန်း(၂)

" ရွှေရေးချယ် "

ခေါ်သံကြောင့် သူမ ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"ကိုသုန္ဒရ"

တိုးတိုးလေး ပါးစပ်လှုပ်ရုံသာ ခေါ် မိခြင်းဖြစ်၏ ။

သုန္ဒရနှင့် သူမတို့သည် တစ်လမ်းတည်းတွင် နေထိုင်ကြပြီးသူမမိဘများက သူမဆေး ကျောင်းစရိတ်အတွက် သုန္ဒရအမေ ဒေါ်လတ်ချိုချိုထံမှ ငွေချေးထား ရသည်။ ဒေါ်လတ်ချိုချိုက ငွေတိုးချေးလုပ်ငန်းနှင့် ကြီးပွားချမ်းသာ သူဖြစ်လေသည်။ ယခုသူဆရာဝန် လောင်း ဘဝရောက် သောအချိန်ထိအောင်ပင် သူတို့ထံမှ ယူထားသော အကြွေးတွေမကျေ နိုင်သေး ပါ။

သုန္ဒရက တစ်ဦးတည်းသောသားပီပီ မိဘတွေ၏ အချစ်လွန်စွာအလိုက်ထားမှုကြောင့် သူ့ဘဝမှာလိုတာရပြီး ပြည့်စုံနေသောသူဖြစ်သည်။ သူမနှင့် အရင်းနှီးကြီးမဟုတ်သော်လည်း တစ်ရပ်ကွက်တည်း၊တစ်လမ်းတည်းနေသူတွေမို့ မျက်မှန်းတန်းမိရုံ၊ မေးပြောခေါ်ထူးအဆင့်ရှိရုံမျှ ဖြစ်လေသည်။

အခုလည်း သူမကိုခေါ်ကာ ကားပေါ်မှ ဆင်းလာသဖြင့်သူမ ကြောင်တောင်တောင် လေးဖြစ်ကာ ရပ်နေမိသည်။ ဇဝေဇဝါလည်း စိတ်ထဲမှာ ဖြစ်နေရသည်။ သုန္ဒရက ရန်ကုန်မှာ အနေနည်းပြီးမန္တလေးမှာ အနေများသည်။ တက္ကသိုလ်ကိုလည်းပြီးသေးဟန် မတူ။

ဘယ်နှစ်တောင် ရောက်နေပြီမှန်း သူမ မသိ။

အနားရောက်မှ သုန္ဒရက မေးလိုက်သည်။

"ရွှေရေးချယ် . . . ဘယ်ကပြန်လာတာလဲ"

"ဘုရားကပါ ကိုသုန္ဒရ . . . ကိစ္စရှိလို့လား"

"အာ . . . မရှိပါဘူး၊ ရွှေရေးချယ် အိမ်ပြန်တော့မလို့ထင်တယ်"

"ဟုတ်ကဲ့"

"ဒါဆိုအတော်ပဲ . . . ကိုယ့်ကားလည်း ဒီနားရောက်မှ ဆီပြတ်သွားလို့၊ ကားကို ဒီနားမှာပဲ ထားခဲ့လိုက်တော့မယ်၊ ရွှေရေးချယ်လည်း ပြန်မှာဆိုတော့ ကိုယ်လည်း အဖော်ရတာ ပေါ့"

"အင်း"

သူမ ထင့်ခနဲဖြစ်သွားရသည်။ အဖော်ရတာ ပေါ့ဟု သူကပြောရအောင် သူနဲ့သူမက သူငယ်ချင်းလည်း မဟုတ်။ ထို့ကြောင့်လိမ္မာပါးနပ်စွာပင် ပြောလိုက်ရသည်။

"အို ဟို . . . နေပါစေ ကိုသုန္ဒရ၊ ကျွန်မအဖော်မလိုပါဘူး၊ သွားနေကျပါ"

သူမစကားကြောင့် သုန္ဒရ ပြုံးလိုက်သည်။ သူ့အပြုံးထဲမှာအဓိပ္ပာယ်တစ်ခုခု ပါနေသလိုလိုမို့ သူမစိတ်ထဲ ထိတ်ခနဲ ရှိသွားရတာ အမှန်ပင်။

ဒီလူ ဘာသဘောပါလိမ့်။

"ရွှေရေးချယ်ကလည်းကွာ . . . ကိုယ်ကတစ်လမ်းတည်းနေသူငယ်ချင်းမို့ ပြောတာပါ၊ တစ်ခရီးတည်းသွားတွေပဲ မဟုတ်လား၊ မိန်းကလေးတစ်ယောက်တည်း သွားနေတာဟာ ဣန္ဒြေနည်းတာပေါ့ . . . မဟုတ်ဘူးလား"

"ရှင်"

သူမရင်ထဲ အောင့်ကနဲဖြစ်သွားသည်။ သုန္ဒရကို စူးကနဲ ကြည့်လိုက်မိတော့ သူမကို ပြုံးစိစိနှင့်ကြည့်ကာ သုန္ဒရက ဆက်ပြောပြန်သည်။

“ မတော်တဆ ဗရုတ်ကျတဲ့သူတွေနဲ့ စလား နောက်လားခံရမှာစိုးလို့ပါ”

သူ မနေသာတော့။

“ ကိစ္စမရှိဘူး ကိုသုန္ဒရ . . . ကျွန်မက ဒီရပ်ကွက်မှာ ငယ်ငယ်ကလေးကတဲက ကြီးလာတဲ့သူပဲ၊ ဘယ်သူမှ မျက်နှာပြောင်တိုက်ပြီး ဗရုတ်မကျရဲပါဘူး၊ အဲဒါကြောင့် ကျွန်မတယောက်တည်းပဲသွားပါရစေ”

“ရွှေရေးချယ်ကလဲကွာ . . . ကိုယ်ကစေတနာနဲ့ပြောတာပါ”

“မလိုပါဘူးရှင် . . . ကျေးဇူးတင်ပါတယ်၊ ကျွန်မသွားတော့မယ်”

စကားအဆုံး ချာကနဲ လှည့်အထွက်မှာ သုန္ဒရကလည်း နောက်ကလိုက်လာကာ စကားတွေတတွတ်တွတ် လာပြောနေသည်။

“ရွှေရေးချယ်ကို ကိုယ် တကယ် စိတ်မချလို့ပါကွာ”

“ဟင်”

သူမ ဆတ်ကနဲဖြစ်သွားကာ သုန္ဒရ၏ မျက်နှာကို အလန့်တကြား ကြည့်မိလိုက်သည်။ နားလည်လိုက်ပါပြီ။

သူမအပေါ် အခွင့်အရေးယူရန်အတွက် ဒီလူ ချဉ်းကပ်နေပြီဆိုပြီး ရှက်စိတ်၊ ဒေါသဖြစ်စိတ်၊ ခံပြင်းစိတ်များ မျိုသိပ်ကာ သူမစိတ်ကို အတတ်နိုင်ဆုံး ထိန်းနေရသည်။

ကိုယ်ကမိန်းမသားလေ၊ ဣန္ဒြေရှင်မိန်းကလေးမို့ လမ်းမှာ သူများအမြင်မတော်စရာ အဖြစ်တော့ မခံပါ။ဘာလုပ်ရမှန်းမသိ စဉ်းစားနေမိစဉ် သုန္ဒရက ဆက်ပြောလာပြန်သည်။

“တကယ်ပါ ရွှေရေးချယ် . . . ကိုယ့်ရင်ထဲက စကားပါ၊ အလေးအနက်ပြောရမယ်ဆိုရင် ကိုယ် ရွှေရေးချယ်ကို စိတ်ဝင်စားတယ်၊ ချစ်တယ်ကွာ”

“ရှင်”

သူမ မျက်နှာတစ်ခုလုံး ရဲခနဲဖြစ်သွားရပါသည်။

ဒေါသဖြစ်လွန်း၊ ရှက်လွန်း၍ ဘာပြောရမှန်းမသိ။ နှုတ်ခမ်းတွေကတုန်ကာ မျက်ရည်တွေ ဝဲလာခဲ့သည်။

“ရွှေရေးချယ် . . . ကိုယ်ပြောတာ ကြားတယ်မဟုတ်လား”

“ဒီမှာ ကိုသုန္ဒရ”

စိတ်ဆိုးလွန်း၍ အသားပါ တဆတ်ဆတ်တုန်နေသော သူမကို သုန္ဒရက အပြုံးမပျက်ဘဲ ကြည့်နေလေသည်။

“ရွှေရေးချယ်က စိတ်ဆိုးလည်း လှနေတာပဲနော်၊ အရမ်းချစ်စရာကောင်းတာပဲ”

“ရှင် . . . သိပ်လွန်လွန်းနေပြီ၊ ကျွန်မမှာ ချစ်သူရှိတယ်၊ ရှင့်အတွက် ဝမ်းနည်းပါတယ်”

စကားအဆုံး ချာခနဲ လှည့်ထွက်လာခဲ့ကာ အိမ်သို့ အမြန်ဆုံးသာ ရောက်ချင်နေမိ တော့သည်။ ဒါတောင်မှ သုန္ဒရ၏ ဂရုမစိုက်သောပြောင်ချော်ချော်လေသံကို ကြားဖြစ် အောင်ကြားလိုက်ရသေးသည်။

“ချစ်သူရှိတာ ဘာဆန်းလဲကွာ၊ အဲဒါတွေ ကိုယ် လုံးဝဂရုမစိုက်ဘူး”

ဘယ်လောက်အမြင်ကတ်စရာ ကောင်းလိုက်တဲ့လူလဲ။

သူမ သူ့ကို အရမ်းမုန်းလိုက်တာ။ ရင်ထဲမှာကို စူးနေအောင်မုန်းမိနေတာပါ။ မိဘပိုက်ဆံဖြုန်းပြီး လူတကာအပေါ်မိုလ်ကျ၍ ရမည်ထင်နေသောဒီလိုလူမျိုးကို အရင်ကတည်းက အထင်မကြီးခဲ့ပါ။ စိတ်ကူးလေးတောင်တစ်ချက်မှ မယဉ်ခဲ့ဖူးခဲ့။

ခုတော့ ဒီလူက ဘာစိတ်ကူးပေါက်ပြီး သူမကို နှောက်ယှက်ချင်စိတ်တွေ ဝင်လာသည် မသိပါ။ တစ်လမ်းတည်းနေပေမယ့် မြောက်ကြွကြွနိုင်သော ဘဝင်မြင့်သော သုန္ဒရကို အရင်ကတည်းက သူမကြည့်မရခဲ့၊

အခုတော့ ကျောင်းပြီး၍ အိမ်ပြန်လာပြီလား မသိတော့ပါ။

လူသွားလူလာမပြတ်သော လမ်းပေါ်မှာ အတင့်ရဲပြီး နှောင့်ယှက်လာမှုအတွက် သူမစိတ်ထဲ တော်တော်အနှေင့်အယှက်ဖြစ်သွားရတာ အမှန်ပင်။

ဘာပဲဖြစ်ဖြစ် အိမ်ရောက်သည်နှင့် မေ့မေ့ကို ပြောပြထားရမည်။ သုန္ဒရအမေ ဒေါ်လတ်ချိုချိုထံမှ ငွေချေးထားရသဖြင့်မေမေမျက်နှာနာချင်လည်းနာမည်။မတတ်နိုင်တော့။သုန္ဒရ ရိုင်းပုံကိုသူမ လုံးဝခွင့်မလွှတ်နိုင်ပါ။

ကိုယ့်ကိုယ်ကိုယ် ဘာထင်နေလဲ မသိ။

ချစ်ရေးဆိုလိုက်သည့်တစ်ဖက်မိန်းမလေးက သူ့အပေါ်မှာလိုလားသလိုပုံစံတွေ ပြကိုပြရ မည်ဟု သုန္ဒရကအပိုင်တွက်ထားပုံရသည်။

ဟွန်း . . . ဝေးပါသေးရဲ့ ။

သူမရင်ထဲမှာ အချစ်ဆုံးက မောင်တစ်ယောက်တည်းပဲမို့ မောင်ကလွဲရင်ဘယ်ယောကျ်ား လေးကိုမှ စိတ်မဝင်စားခဲ့။

မေမေ့ကို ပြောလိုက်မယ်ဟု အားခဲကာပြန်လာသော သူမခမျာ အိမ်ရှေ့မှာ မေမေနှင့် စကားပြောနေသော သုန္ဒရအမေ ဒေါ်လတ်ချိုချိုကို မြင်လိုက်ရသည်နှင့် အမောဆို့သွားရပါ တော့သည်။

မေမေကသူမကိုမြင်သည်နှင့် ပြုံးကာပြောလိုက်သည်။

“ဟော့ . . . သမီးပြန်လာပြီ”

“ဟုတ်ကဲ့မေမေ”

“လာ . . . ထိုင်ပါဦး သမီးရယ်”

ဒေါ်လတ်ချိုချိုကပါ ခေါ်နေသောကြောင့် သူမမှာ အောင့်သက်သက်နှင့် ကြိတ်မှိတ်ကာ မေမေ့ဘေးမှာ ဝင်ထိုင်လိုက်ရသည်။

ဒေါ်လတ်ချိုချိုက သူမကို ပြုံးကြည့်ကာ . . .

“ဆရာဝန်မလေး ဖြစ်နေပြီနော်”

“ဟုတ်ကဲ့”

“ကြည့်နေရတယ်ကွယ် . . . သမီးက ပါတိတ်ဂမ်းဆက်လေးတွေဝတ်ပြီး ဟိုဘက်လမ်းမှာ ဆေးခန်းသွားထိုင်တတ်တာကိုလေ၊အရမ်းကျက်သရေရှိတာပဲ၊ မန္တလေးရိပ်တို့များ မွေးပဲမွေး တတ်တယ်၊ပညာတတ် ရုပ်ချော သဘောကောင်း သမီးအလိမ္မာလေးပဲ”

“သမီးက ဆရာဝန်မ သာဆိုတာ အချက်အပြုတ် အချုပ် အလုပ်လည်း အရမ်းကျွမ်းကျင်တာ မလတ်ရဲ့”

“ဟုတ်လား... ကောင်းတာပေါ့၊ အခုခေတ်မှာ ဒီလိုအရည်အချင်းမျိုးရှိတဲ့ မိန်းကလေးတွေက ရှားသွားပြီလေ၊ပညာပဲတတ်ပြီး ထမင်းမချက်တတ်သေးတဲ့ မိန်းကလေးတွေ အများကြီးပဲ”

သူမ ဆက်နားမထောင်ချင်တော့ပါ။

“မေမေ . . . သမီးခေါင်းကိုက်နေလို့ နားချင်တယ်၊ အန်တီခွင့်ပြုပါဦးနော်”

“ဩော် အေးအေး . . . နားပါ နားပါ”

"သမီး ဆေးသောက်လိုက်နော်"

သူမ ခေါင်းညိတ်ကာ ထွက်လာခဲ့သည်။ ရင်ထဲမှာ အရမ်းပဲ ရှုပ်ထွေးနောက်ကျိနေပါသည်။

တကယ်တော့ . . .

ငါ့ရင်ခွင်ကိုလာသာမယ့် "လမင်း"က

အစကတည်းက

အချိန်အခါတွေ မှားယွင်းခဲ့တာကို

မသိလိုက်မိဘူးကွယ်။

*

# အခန်း(၃)

"ရှင် . . .မေမေ"

ကြားရသောစကားကြောင့် အံ့သြထိတ်လန့်စွာ တုန်လှုပ်သွားမိတော့သည်။ မေမေ့ကို နားမလည်ခြင်းများစွာနှင့် ကြောင်တောင်တောင်လေး ကြည့်နေမိသည်။

မေမေက သူမ ခံစားမှုကို စာနာနားလည်သောပုံစံနှင့် ခပ်ယဲ့ယဲ့လေး ပြုံးလိုက်ပြီးမှ ဒုတိယအကြိမ် ထပ်ပြောလာပြန်သည်။

"ဟုတ်တယ် သမီး . . . မလတ်က သမီးကို ချွေးမ တော်ချင်တယ်တဲ့"

"အာ . . . မေမေကလည်း မဖြစ်နိုင်တာဘဲ"

သူမ စိတ်တော်တော်ညစ်သွားကာ ခေါင်းခါရင်း ပြောလိုက်သည်။ ရင်ထဲမှာမေမေ့ကို ဘယ်လိုနားလည်ရမှန်း မသိတော့။ သူမမှာ ချစ်သူရှိပြီးသားဆိုတာ မေမေ သိနေလျက်နှင့် ဒီစကားမျိုးကို ဘာကြောင့် ပြောရပါသလဲ။ သူမတို့နှစ်ယောက်စလုံး၏ အခြေအနေကို မေမေ့အား ကြိုတင်ပြောပြထားပြီးသားပါ။

ကျောင်းပြီး၍ အလုပ်အကိုင် အခြေတကျရှိသည်နှင့် သူမတို့လက်ထပ်ကြမည်ဆိုတာကို မေမေ သိပါသည်။ အခု မေမေပြောလိုက်သောစကားက သူမတို့ရည်ရွယ်ချက်များနှင့် ကွဲလွဲ ဆန့်ကျင်နေပြီမဟုတ်ပါလား။

မေမေ ဘာသဘောနှင့် ပြောတာလဲဆိုသော မျက်ဝန်းမျိုးနဲ့မေမေ့မျက်နှာကို သူမ စူးစမ်းရင်း . . .

"ဒေါ်လတ်ချိုချိုက အဲလိုပြောတော့မေမေပြန်မပြောလိုက်ဘူးလားဟင် . . .သမီးမှာ ချစ်သူရှိနှင့်ပြီးသားလို့လေ"

မေမေ့ကို ဆရာလုပ်တာမဟုတ်ပါ။ သူမ စကားကြောင့်မေမေကပြုံးသည်။ မေမေ့အပြုံးကြောင့် သူမ ပိုပြီး စိတ်ထဲလေးလံသွားရသည်။

"မေမေ"

"သမီးရယ် . . . ကိုယ့်သမီးမှာ ရည်းစားရှိတယ်ဆိုတာ ဘယ်မိဘကမှ အလကားနေရင်း ကြေညာ မောင်းမခတ်ချင်ပါဘူးကွယ်၊လူငယ်သဘာဝ ချစ်ကြ ကြိုက်ကြတယ်ဆိုတာ ဆန်းတာမှမဟုတ်ဘဲ"

"ဟင်"

သူမ ပိုပြီး အံ့ဩထိတ်လန့်သွားရပါတော့သည်။ သုန္ဒရသူမကို လှမ်းပြောလိုက်သော စကားကို ပြန်ကြားမိ၍ ဖြစ်သည်။

"ချစ်သူရှိတာ ဘာဆန်းလဲကွာ . . . အဲ့ဒါတွေ ကိုယ် လုံးဝဂရုမစိုက်ဘူး"

မေမေ့ကို သူမ မျက်နှာပျက်ပျက်နှင့်ကြည့်ကာ စိုးရိမ်စွာပြောလိုက်ရလေသည်။

"ဒါပေမယ့် မေမေရယ် . . . သမီးတို့က တကယ်လက်ထပ်ကြဖို့ ဆုံးဖြတ်ထားကြပြီးသားမို့ပါ၊ သူ့မှာ အလုပ်မရသေးလို့သာ၊ အလုပ်ရတာ နဲ့ လက်ထပ်ဖို့ စီစဉ်ထားတာပါ မေမေ"

"သမီး"

မေမေကသူမကို မကြည့်ဘဲ ခပ်တိုးတိုးလေးခေါ်လိုက်ပြီးမှ

"မလတ်တို့ရဲ့ကျေးဇူးတွေ မေမေတို့အပေါ်မှာ အများကြီးရှိတယ်လေ . . . သမီးသိပါတယ်၊ လုပ်ငန်းတွေအတွက် ငွေယူထားတာ အခုအချိန်ထိ တစ်ခါမှ မတောင်းခဲ့ဖူးဘူး၊ မေမေတို့မှာ မလတ်တောင်းရင် ချက်ချင်းလက်ငင်း ဆပ်နိုင်တဲ့အခြေနေလည်း မရှိသေးဘူး၊ သမီးရဲ့ ဆေးခန်းကရတဲ့ ဝင်ငွေကလည်း

မဖြစ်စလောက်လေးဆိုတော့ သမီးရယ်... လူဆိုတာကိုယ့် အပေါ် ကောင်းထားတာ ရှိနေမှတော့ ပစ်ပစ်ခါခါပြောလိုက်ဖို့ ခက်သားပဲ”

“မေမေ . . . သမီးကို အကြွေးနဲ့ သိမ်းလိုက်တဲ့ အဖြစ်မျိုး အရောက်မခံရစေနဲ့၊ သမီးတောင်းပန်ပါတယ် မေမေရယ် . . . သမီးချစ်သူနဲ့ပဲ လက်ထပ်ပါရစေ”

“ကြွေးနဲ့သိမ်းတဲ့ဆိုတဲ့စကားကတော့ ရင့်သီးလွန်းပါတယ်သမီးရယ် . . . အဲဒီ လို မပြောပါနဲ့ မလတ်ပြောတာ အဲဒီ သဘောမျိုး မဟုတ်ပါဘူး”

“ရှင်”

“မောင်သုန္ဒရက သူ့အဘွားတွေရှိတဲ့ မန္တလေးမှာ အနေများတော့ တစ်လမ်းနေပေမယ့် သမီးကို အရင်ကသတိမထားခဲ့ပါဘူးတဲ့”

“သူ့မှာ ရည်းစားတွေ မှိုလိုပေါက်နေတာပါ မေမေရယ်”

“သူ့သားမှာ မိန်းကလေးသူငယ်ချင်းတွေ အများကြီးရှိပါတယ်တဲ့၊ အနီးကပ်ပေါင်းကြည့်ပြီး အကဲခတ်ကြည့်တော့ ဇနီးကောင်းဖြစ်နိုင်တဲ့ အရည်အချင်းတွေနဲ့ မပြည့်စုံဘူးတဲ့လေ”

“ဟွန်း”

သူမက သူမက နှုတ်ခမ်းမဲ့လိုက်သည်။ အရမ်းလည်း စိတ်တိုမိသည်။ စကားကို လှအောင်ပြောတတ်သည့် ဒေါ်လတ်ချိုချိုအကြောင်းကို မေမေ မသိပဲမနေပါ။

မေမေက သူမမျက်နှာအမူအရာကို မသိချင်ယောင်ဆောင်ပြီး ဆက်ပြောပြန်သည်။

“အခုလည်း မောင်သုန္ဒရက မိဘတွေရဲ့စီးပွားရေးလုပ်ငန်းကို စိတ်ဝင်စားပြီး စီးပွားရေး လုပ်ဖို့ အိမ်ပြန်လာတာတဲ့၊ ပြီးတော့သမီးကို မြင်မြင်ချင်း

စိတ်ဝင်စားပြီး မိဘတွေကို ပူဆာ နေသတဲ့လေ”

သူမ စိတ်ပျက်လက်ပျက်နှင့် ခေါင်းရမ်းကာ . . .

“မိဘကို ပူဆာယုံတင်ဟုတ်ပါဘူး မေမေရာ၊ အဲဒီ ကောင်ကလမ်းမှာ သမီးကို လိုက်ပြီး စကားပြောတယ်လေ၊ တော်တော် အောက်တန်းကျတဲ့ကောင်”

“ဟင် . . . ဟုတ်လား”

မေမေ အံ့သြသွားပုံရသည်။

“မေမေကို သမီးပြောမလို့ပါပဲ . . .
ဒေါ်လတ်ချိုချိုရှိနေလို့မပြောသေးတာ၊ သူ သမီးကို လမ်းမှာ
ရည်းစားစကားလိုက်ပြောတယ် . . . သိလား၊ ကြွေပျက်တာပေါ့ မေမေရဲ့၊
သမီးကတော့ ပြန်ပြောလိုက်ပါတယ် . . . ချစ်သူရှိတယ်လို့”

“ဟင် . . . အဲဒီ တော့ မောင်သုန္ဒရက ဘာတဲ့လဲ၊ ပြောပါဦးသမီး”

မေမေအမူအရာတွေက စိုးရိမ်တကြီးပုံစံမို့
သူမစိတ်တွေထင့်ခနဲဖြစ်သွားသည်။ မေမေက သုန္ဒရကို
လက်ခံစေချင်နေသည့်သဘောများလား။

သူမက ခေါင်းခါကာ . . .

“အရှက်မရှိတဲ့လူပါ မေမေရာ၊
မိန်းကလေးတစ်ယောက်ကချစ်သူရှိပါတယ်လို့ ပြောတာကို
ကျောက်ကျောရေပက်ထားတဲ့ မျက်နှာနဲ့ ဘာပြန်ပြောတယ်ထင်လဲ . . . အဲဒါ
မဆန်းပါဘူးတဲ့လေ . . . ဟွန်း၊အင်းပေါ့ . . . သူလိုလူမျိုးက ဘယ်ဆန်းမှာလဲ၊
ရည်းစားတွေ သက်စေ့မက ထားပြီး အပျော်တွဲနေတာ၊
သမီးကိုစိတ်ဝင်စားတယ်ဆိုတော့အပျော်ပြောတာပဲ ဖြစ်ရမယ်၊ သေချာတယ် . . .
သူသမီးကို ကစားချင်နေတာ”

“မဟုတ်ဘူးသမီး . . . သူ အတည်ပြောနေတာပါ၊ သူ့အမေကို ပြောခိုင်းနေတာ ကြာပြီတဲ့၊မလတ်က မအားလို့မပြောရသေးတာကို သူ စိတ်မရှည်နိုင်တော့လို့ ထင်ပါရဲ့”သူမ စိုးရိမ်မကင်းဖြစ်လာရသည်။ မေမေ့လေသံတွေကဟိုဘက်ခပ်ပါပါမို့ ရှင်းအောင်မေးလိုက်ရ၏ ။

“မေမေ . . . မေမေ့သဘောက သူနဲ့သဘောတူနေတာလား”

မေမေကပြုံးပြီး . . .

“သမီးရယ် . . . မေမေတို့ မိန်းမသားတွေရဲ့ဘဝဆိုတာ ဆိုရိုးစကား ရှိထားတယ်မိ ဟုတ်လား၊ဘူးကောင်းမှစင်ခံ လင်ကောင်းမှစံတဲ့၊ အိမ်ထောင်ဖက်ရွေးတဲ့နေရာမှာ အချစ်ကို အလေးအနက်ထားပြီးရွေးရင် ကျောထောက်နောက်ခံမရှိတဲ့လူနဲ့ ညားလို့ကတော့ တူနှစ်ကိုယ် တဲအိုပျက်မှာနေပြီး ထမင်းရည်အတူလျက်တဲ့ဘဝက မတက်နိုင်ပါဘူးကွယ်၊အဲဒီ အချိန်ကျမှ ဒုက္ခတစ်ပွေ့တစ်ပိုက်နဲ့ နောင်တရလည်းအလကားပဲ ဖြစ်သွားပြီလေ၊ အစကတည်းက အခြေခံခိုင်ခိုင်နဲ့နောက်ခံကောင်းကောင်းရှိတဲ့လူနဲ့သာ ယူခဲ့ရင်တော့ စားဝတ်နေရေး ဘာမှပူပင် သောက မဖြစ်ရတော့ဘူးပေ့ါ၊ မောင်ပကတိမှာ ရိုးသားဖြောင့်မတ်တဲ့ဂုဏ်တစ်ခုကလွဲရင် ဘာမှမရှိဘူး သမီး၊ သမီးဆင်းရဲမှာ မေမေမကြည့်ရက်ဘူး”

“ဟင့်အင်း မေမေ . . . သမီး ဆင်းရဲရင် ဆင်းရဲပါစေ၊သမီးချစ်သူကိုပဲ လက်ထပ်မှာ၊ သူ့မှာ ဘာအပြစ်မှမရှိဘဲနဲ့ သမီးသစ္စာမဖောက်နိုင်ဘူး၊ မေမေထင်သလို သူ့ကိုယူလို့ သမီးမဆင်းရဲနိုင် ပါဘူး၊ နှစ်ယောက်ပေါင်းဝင်ငွေလေးနဲ့ သမီးတို့ဘဝအေးအေးဆေးဆေး နေနိုင်မှာပါ၊ သမီးတို့ချစ်ခဲ့ကြတာ လေးနှစ်ရှိပြီမေမေ၊တစ်ယောက်အကြောင်း တစ်ယောက်နားလည်ကြ ပါတယ်၊ မချမ်းတော့မချမ်းသာပေမယ့် ထမင်းမငတ်နိုင်ပါဘူးမေမေရယ်၊ သမီးကိုနားလည် ပေးပါနော် . . . သမီးတို့ရည်ရွယ်ထားတဲ့ မျှော်လင့်ချက်တွေဘာကြောင်းနဲ့မှ မပျက်စီးပါရစေနဲ့

မေမေ၊ ဘာကတိစကားမှ မလွန်လိုက်ပါနဲ့နော်၊ သမီးမောင်ကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်နိုင်ပါဘူး မေမေရယ်”

ပြောလည်းပြော၊ငိုလည်းငိုနေသော သူမကိုကြည့်ကာ မေမေ မျက်နှာမကောင်းတော့။ မေမေက ထရပ်ကာ . . .

“အင်းလေ . . . ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေ့ါသမီးရယ်”

*